ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ထ) အုပ်ချုပ်မှုဌာနကြီးမှူး　　အဖွဲ့ဝင်
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်)

( ဒ ) ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
Association for Aid and Relief, Japan (AAR–Japan)

( ဓ ) ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

( န ) ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

( ပ ) ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
မြန်မာနိုင်ငံမျက်မမြင်များအသင်း

( ဖ ) ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း

( ဗ ) ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဘ) ညွှန်ကြားရေးမှူး　　အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

( မ ) ညွှန်ကြားရေးမှူး　　တွဲဖက်အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပြဋ္ဌာန်းချက်များအရ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အပံ့ဖြစ်စေသော မူဝါဒနှင့် စီမံချက်များချမှတ်နိုင်ရန် သက်ဆိုင်ရာများနှင့် ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊ ဆောင်ရွက်ချက်များအား လေ့လာစောင့်ကြည့်ခြင်း၊ သုံးသပ်အကြံပြုခြင်း၊

( ဂ ) မသန်စွမ်းသူများပိုမိုတက်ရောက်နိုင်သော အသက်မွေးမှု အထူးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

ဆောင်ရွက်ချက်များအား လေ့လာစောင့်ကြည့်ခြင်းနှင့် သုံးသပ်အကြံပြုခြင်းတို့ကို လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အထောက်အကူဖြစ်စေမည့် အခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပစ္စည်းများတင်သွင်းခွင့်ရရှိရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( င ) အစိုးရဌာနများအပါအဝင် အလုပ်ရှင်များအနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက ချမှတ်ထားသော မူဝါဒနှင့် စီမံချက်များကို သိရှိစေခြင်းနှင့် လိုက်နာဆောင်ရွက်စေရန် စည်းရုံးဆောင်ရွက်ခြင်း၊

( စ ) ဦးစီးဌာနနှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအတွက် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများ၏ ကိုယ်ရေးအချက်အလက်များအား ဒစ်ဂျစ်တယ်နည်းပညာအပါအဝင် သင့်လျော်သော နည်းလမ်းများဖြင့် မှတ်တမ်းတင်ခြင်း၊ ကွန်ပျူတာဆော့ဝဲလ်ဖြင့် စာရင်းရေးသွင်းထားနိုင်ရန် ဆောင်ရွက်ခြင်း၊ ပြင်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ၊ အလုပ်ရှင်များနှင့် လုပ်ငန်းရှင်များ စုပေါင်းဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၏ လိုအပ်ချက်အရ ပေးပို့နိုင်ရေး ကြပ်မတ်စီစဉ်ပေးခြင်း၊

(ဆ) လက်ရှိဖွင့်လှစ်နေသည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများတွင် မသန်စွမ်းသူများဝေပုံကျ တက်ရောက်သင်ယူခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ခြင်း၊ မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်နှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များ အကောင်အထည်ဖော်ဆောင်မှုများကို လုပ်ငန်းကော်မတီကိုယ်စား လေ့လာစောင့်ကြည့်ခြင်း၊ အစီရင်ခံတင်ပြခြင်း၊ လိုအပ်ချက်များအား အကြံပြုခြင်းနှင့် ပိုမိုထိရောက်စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဇ ) လုပ်ငန်းခွင်ဝင်ရန် သင့်လျော်သည့် မသန်စွမ်းသူများသို့ လူတွေ့စစ်ဆေးရာတွင် ဖြေဆိုနိုင်ရေး အထောက်အကူပြုသင်တန်းများ တက်ရောက်နိုင်ရေး၊ လုပ်ငန်းခွင်အတွင်းဆက်ဆံရေးနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများပို့ချနိုင်ရေး၊ လုပ်ငန်းခွင်နှင့် အလုပ်သမားဆိုင်ရာဥပဒေများအား အသိပညာပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ညှိနှိုင်းရေးမှုများအား လေ့ကျင့်ပေးခြင်း စသည်တို့အား သင်ကြားခွင့်ရရှိရန် စီစဉ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြပ်မတ်ခြင်း၊

(ဈ) အခါအားလျော်စွာ အမျိုးသားကော်မတီကထုတ်ပြန်သည့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာဆက်စပ်လုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးဆိုင်ရာ (၁၀) နှစ်အတွက် မဟာဗျူဟာစီမံချက်အား သက်ဆိုင်ရာများနှင့် ရေးဆွဲနိုင်ရန် ပေါင်းစပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ခြင်း။

၃။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃)

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ ဆပ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ**

**မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာဆပ်ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | စည်းရုံးရေးဌာနကြီးမှူး<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ် | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်တစ်ဦး<br>Women Lead for Burma | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် မသန်စွမ်းမှုအားလုံးအပေါ် နိုင်ထက်စီးနင်း အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပြင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန် လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း၊

( ဂ ) မသန်စွမ်းအမျိုးသမီးများ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့် လူနေမှုအဆင့်အတန်းတိုးတက်မှုတို့အတွက် လူအခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် အားလုံးကို အခြားသန်စွမ်းသူအမျိုးသမီးများနည်းတူ ခံစားခွင့်ရှိစေရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း။

၃။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၃)

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာဆပ်ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ကိုယ်စားလှယ်တစ်ဦး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ကိုယ်စားလှယ်တစ်ဦး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ကိုယ်စားလှယ်တစ်ဦး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဋ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဍ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) အုပ်ချုပ်မှုဌာနကြီးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

(ဏ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(တ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ထ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများသဘာဝဘေးအန္တရာယ်မကြုံတွေ့မီကြိုတင်ပြင်ဆင်ကာကွယ်ရေးနှင့်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ပေးခြင်း၊

(ဂ) အရေးပေါ်အခြေအနေများတွင် ရောက်ရှိနေသောမသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ဆောင်ရွက်ပေးခြင်း၊

(ဃ) မသန်စွမ်းသူများ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာသင်တန်းကျောင်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

၃။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၃)
## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ဆပ်ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ဆပ်ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ်တစ်ဦး<br>သတင်းအချက်အလက်၊ နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဋ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဎ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

(ဏ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(တ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(ထ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)

(ဒ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ သတင်းအချက်အလက်နည်းပညာဆိုင်ရာဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးနှင့် နည်းပညာအရင်းအမြစ်များ ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) မသန်စွမ်းသူများ အလွယ်တကူအသုံးပြုနိုင်သော ဝန်ဆောင်မှုများပေးအပ်နိုင်ရန်၊ စနစ်များ တပ်ဆင်အသုံးပြုနိုင်ရန်၊ ပုံစံများသတ်မှတ်ပြဋ္ဌာန်းနိုင်ရန်၊ အထောက်အပံ့ပစ္စည်းများထုတ်လုပ်နိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်း နည်းပညာများတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နည်းပညာရရှိရေးနှင့် သုတေသနပြုလုပ်နိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားတိုးတက်ဖွံ့ဖြိုးရေးနှင့် မျက်မမြင်များအတွက် လက်စမ်းစာပေတိုးတက်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာနှင့် ကျွမ်းကျင်သူများထံမှ နည်းပညာနှင့် အထောက်အပံ့များရရှိရန် ညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နည်းပညာနှင့် အထောက်အပံ့များရရှိရန် သက်ဆိုင်ရာနှင့် ကျွမ်းကျင်သူအား ညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(စ) မသန်စွမ်းအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး၊ ပုဂ္ဂလိကပညာသင်အထူးကျောင်းများ၊ ပုဂ္ဂလိကအသက်မွေးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနများ ဖွံ့ဖြိုးလာရေးတို့အတွက် နည်းပညာနှင့် အထောက်အပံ့ရရှိရေး အကူအညီပေးခြင်း၊ သက်ဆိုင်ရာ ကျွမ်းကျင်သူများအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) အများပြည်သူသုံး အဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများ လုံခြုံလွယ်ကူစွာအသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်လုပ်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ အတွေ့အကြုံနှင့် နည်းပညာများတာဝန်ရှိဌာနများတွင် တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ညှိနှိုင်းပေးခြင်း၊ လိုအပ်ချက်များအား အကြံပြုခြင်းနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးနှင့် အများပြည်သူပို့ဆောင်ရေးကဏ္ဍတို့တွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာသုံးစွဲနိုင်ရန်အတွက် နည်းပညာများ ဖွံ့ဖြိုးလာစေရေးအတွက် သက်ဆိုင်ရာ ကျွမ်းကျင်သူများအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) မသန်စွမ်းသူများအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးကုသသည့် နည်းပညာနှင့် အထောက်အပံ့များရရှိရေး သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် အလှူရှင်များအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ည) မသန်စွမ်းမှုမဖြစ်ပေါ်စေရန်နှင့် မသန်စွမ်းသူများ၏ လုပ်ငန်းခွင်များတွင် ဘေးကင်းလုံခြုံမှုရှိစေရန် လုံလောက်သောအကာအကွယ်ရရှိရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နည်းပညာအသုံးချမှု တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာကျွမ်းကျင်သူများအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဋ) မသန်စွမ်းအားကစားနည်းအလိုက် နည်းစနစ်များဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

၃။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၂/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်သက်ခိုင်

ဒုတိယဥက္ကဋ္ဌ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

[ ယခင်အပတ် အခွန်အယူခံခုံအဖွဲ့ ၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၉ မှ အဆက် ]

နိုင်ငံတော်မှ နှစ်စဉ်ထုတ်ပြန်ပြဋ္ဌာန်းလျက်ရှိသော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ အခန်း (၅)၊ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ နောက်ဆက်တွဲ ဇယားအမှတ်စဉ် (၉) အရ ဘီယာကို အခွန်နှုန်း ၆၀ ရာခိုင်နှုန်းသတ်မှတ်ဖော်ပြထားခြင်းသည် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်းတို့အတွက် အထူးကုန်စည်ခွန်ကျသင့်ပြီး ယင်းသို့ ကျသင့်ရမည့် အခွန်နှုန်းများကို အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ အရ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေတွင် ပြဋ္ဌာန်းရခြင်းဖြစ်သည်။ ပြည်တွင်းထုတ်လုပ်ခြင်းဖြစ်ပါက စက်ရုံ၊ အလုပ်ရုံရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် ရောင်းဈေး တန်ဖိုး၊ ယင်းနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ဖော်ပြပါအခွန်နှုန်းများအတိုင်း အခွန်ကျသင့်စေရန် အထူးကုန်စည် (၁၆) မျိုးအပေါ် နှစ်စဉ်သတ်မှတ်ပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန် အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ တွေ့ရှိရသည်။ သို့ဖြစ်၍ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အထူးကုန်စည်ခွန်ကျသင့်ရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းသည် တားမြစ်ကုန်စည်၊ ကန့်သတ်ကုန်စည်ဟူ၍ ခွဲခြားသတ်မှတ်ခြင်း၊ တင်သွင်းခွင့်ပြုခြင်းမဟုတ်ကြောင်း သုံးသပ်ရရှိသည်။

အခင်းဖြစ်ဘီယာများနှင့်စပ်လျဉ်း၍ မည်သည့်နေရာမှ ယူဆောင်လာသောဘီယာများဖြစ်သည်ကို မသိခြင်း၊ အခင်းဖြစ်ဘီယာများကို ကိုယ်တိုင်တင်သွင်းသယ်ဆောင်လာမှုမရှိခြင်း၊ စတင်ထွက်ခွာလာရာ တန့်ယန်းမြို့မှ သယ်ဆောင်လာခြင်းမဟုတ်ဘဲ လမ်းခုလတ်ရှိ မိုင်းရယ်မြို့မှ စက်ပျက်နေသောကားမှ ကားသမားချင်း စာနာသောအားဖြင့် ကူညီပေးခဲ့ခြင်းတို့ကို လျှောက်ထားတင်ပြခဲ့သော်လည်း ပြည်ပမှ တင်သွင်းခဲ့ခြင်းမဟုတ်ကြောင်းကို အကောက်ခွန်ဦးစီးဌာနတွင် တင်ပြထွက်ဆိုခဲ့ရာ၌ အထောက်အထား တင်ပြခဲ့ခြင်း၊ ရှင်းလင်းထွက်ဆိုခဲ့ခြင်းမတွေ့ရှိရသည့်အပြင် ခုံအဖွဲ့သို့ တင်ပြလျှောက်ထားတင်ပြရာတွင်လည်း ယင်းအချက်နှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထားတစ်စုံတစ်ရာတင်ပြခြင်းမရှိသည်ကို စိစစ်တွေ့ရှိ ရသည်။

အခင်းဖြစ်ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်အား အရေးယူရန်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁၅-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ပါ လုပ်ထုံးလုပ်နည်းများကိုလိုက်နာရန်ဖြစ်ရာ အမိန့်ကြော်ငြာစာ၏ အပိုဒ် ၃ (က) တွင် သိမ်းဆည်း ရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့်ယာဉ်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ရှင်းလင်းစွာပြဋ္ဌာန်းသတ်မှတ်ထားသည်ဖြစ်ရာ တားမြစ်ကုန်ပစ္စည်းများကို သယ်ဆောင် ခြင်းအတွက် အသုံးပြုသည့်ယာဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။

လျှောက်ထားသူက ဦးပါလေးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၇၉ ခုနှစ်တွင် ယာဉ်ပိုင်ရှင်ကသော်လည်းကောင်း၊ ယာဉ်ကို စီမံအုပ်ချုပ်သူတို့ကသော်လည်းကောင်း ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ မသိနိုင်သည့်အခြေအနေတွင် ယင်းယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် မသင့်ချေဟု

စီရင်ထုံးဖွဲ့ထားခြင်း၊ ဒေါ်နန်းမူနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၆၊ မတစ၊ စာ-၅၁ တွင် ပစ္စည်းများကို ပိုင်ရှင်မသိဘဲ လျှို့ဝှက်တင်ဆောင်ထားစေကာမူ ယာဉ်ပိုင်ရှင်တွင် တာဝန်မရှိကြောင်း လမ်းညွှန်ဆုံးဖြတ်ထားခြင်းတို့ကို တင်ပြလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကိုအဓိပ္ပာယ်ကောက်ယူနိုင်ရန် စီရင်ထုံးများအား ရည်ညွှန်းကိုးကားရာတွင် လမ်းညွှန်မှုလိုအပ်မှသာ ကိုးကားပြဆိုရန်ဖြစ်ပြီး မှုခင်းဖြစ်ပေါ်မှုအခြေအနေများသည် တစ်မှုနှင့်တစ်မှု ထပ်တူညီသည်ဟု မဆိုနိုင်သည့်အချက်ကို ကောင်းစွာသောသတိဖြင့်ခံယူ၍ ဆီလျော်ရာ မြန်မာနိုင်ငံစီရင်ထုံးကို သုံးသပ်ကိုးကားရန်ဖြစ်ပါသည်။ ယခုဖြစ်စဉ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ဖြင့် ဘီယာများကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှတင်သွင်းခွင့်မပြုသောပစ္စည်းအဖြစ် ရှင်းလင်းစွာသတ်မှတ်ထားခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ အပိုဒ် ၃ (က) တွင် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းကို သယ်ဆောင်သည့်ယာဉ်ဖြစ်လျှင် မည်သို့ဆောင်ရွက်ရမည်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်း၊ တင်ပြထားသောစီရင်ထုံးများသည် ယခုအမှုပါ အကြောင်းခြင်းရာများနှင့် သဘောသဘာဝ ထပ်တူညီမှုမရှိခြင်းတို့ကြောင့် တင်ပြပါစီရင်ထုံးများကို ကိုးကားရန်မလိုအပ်ကြောင်း သုံးသပ်ရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ဖြင့် ပြည်ပမှတင်သွင်းခြင်းမပြုရန် တားမြစ်ထားသော အခင်းဖြစ်ဘီယာအား ခွင့်ပြုချက်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းသယ်ဆောင်လာခြင်းသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်းပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရလည်းကောင်း၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မပါဘဲ သယ်ဆောင်လာခြင်းသည် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၅ (၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာတင်ပြနိုင်ခြင်းမရှိသောကြောင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၇ (၁) အရလည်းကောင်း အခင်းဖြစ်ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။ သို့ဖြစ်ပါ၍ အခင်းဖြစ်ဘီယာများကို သယ်ဆောင်ရာတွင် အသုံးပြုသော ယာဉ်ကို အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာအမှတ် ၆၄/၂၀၂၀၊ အပိုဒ် ၃ (က) တွင် ရှင်းလင်းစွာ ပြဋ္ဌာန်းသတ်မှတ်ထားချက်နှင့်အညီ သက်သေခံ အခင်းဖြစ်ယာဉ်အား လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဟု ဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်သည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

## အမိန့်

လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၏ ၂၂-၄-၂၀၂၂ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁-လရ/၂၀၂၂ (၀၂၄-က) ဖြင့် ချမှတ်ခဲ့သည့် အမိန့်ကိုအတည်ပြုလျက် ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ရီရီမြင့် | ကျော်ကျော် | ဝင်းနိုင် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၇၇/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) အတွက် မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ် (၁၁)၊ မဏ္ဍပ်မော်အကွက်နှင့် အကွက်အမှတ် (၁၂)၊ အိမ်နောက်အကွက်၊ ဦးပိုင်အမှတ် (၁၁+၁၂+၁၃+၁၄+၁၆+၁၇+၁၈+၁၉+၂၀+၂၁+၂၂+၂၃+၂၄+၂၅+၂၆+၂၇+၂၈+၂၉+၃၀+၃၁) ရှိ **မြေဧရိယာ ၉၀.၃၅ ဧက** အနက်မှ အကွက်အမှတ်နှင့်အမည် (၂၄/တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁) ရှိ **မြေဧရိယာ ၃.၄၄၃ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေး တင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၅၈)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃.၄၄၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၉၀.၃၅ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၈၆.၉၀၇ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မြေအဖြစ် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၈၆.၉၀၇ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

### အမိန့်ကြော်ငြာစာ (၉၀/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈-A)၊ မြေကွက်အမှတ် (၂၉) ရှိ **မြေဧရိယာ ၃၁.၀၈၉ ဧက** အနက်မှ **မြေဧရိယာ ၈.၀၀ ဧက** အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၄)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၈.၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၉၁/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈-A)၊ မြေကွက်အမှတ် (၂၉) ရှိ **မြေဧရိယာ ၃၁.၀၈၉ ဧက** အနက်မှ **မြေဧရိယာ ၂.၁၈ ဧက** အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက စာဆိုဗိမာန် တည်ဆောက်ရန် ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၃)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက စာဆိုဗိမာန် တည်ဆောက်ရန် ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂.၁၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်သော အောက်ဖော်ပြပါ အဖွဲ့ဝင် (၈) ဦးအတွက် ယှဉ်တွဲပါ ပြင်ပပုဂ္ဂိုလ်များအား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၉၅,၀၀၀/-) များအဖြစ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ တာဝန်ပေးခန့်ထားလိုက်သည်-

| စဉ် | အဖွဲ့ဝင် | ကိုယ်ရေးအရာရှိ အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| (၁) | ဦးဝဏ္ဏမောင်လွင် | ဦးဇော်ဝင်းတင် | ၁၂/ဒဂန (နိုင်) ၀၀၅၂၉၁ |
| (၂) | ဒေါ်ဒွဲဘူ | ဦးထွယ်ဆန်နော်မိုင် | ၁/မကန (နိုင်) ၁၄၂၃၇၂ |
| (၃) | ဦးပိုးရယ်အောင်သိန်း | ဦးဘူးရယ်ပိုး | ၂/လကန (နိုင်) ၀၆၃၈၁၆ |

| စဉ် | အဖွဲ့ဝင် | ကိုယ်ရေးအရာရှိ အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| (၄) | ဦးမောင်ကို | ဦးပြည့်စုံအောင် | ၉/အမဇ (နိုင်) ၀၄၀၀၅၀ |
| (၅) | ဒေါက်တာ အောင်ကျော်မင်း | ဦးကျော်ဇင်ဟိန်း | ၁၁/တကန (နိုင်) ၀၆၉၅၅၀ |
| (၆) | ဒေါက်တာ ကျော်ထွန်း | ဦးမျိုးမင်းချစ် | ၉/မကန (နိုင်) ၀၄၃၅၇၆ |
| (၇) | ခွန်စံလွင် | ခွန်ထိုင်း | ၁၃/ဆဆန (နိုင်) ၀၅၉၈၂၂ |
| (၈) | ဦးရန်ကျော် | ဦးမြင့်နိုင်ဦး | ၇/နတလ (နိုင်) ၀၉၈၃၆၉ |

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၂၅။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၅) ဦးနှင့် အမှုထမ်း (၁) ဦးတို့အား မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်တာဝန်ပေးအပ်လိုက်ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အပြီးပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တွဲဖက်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၁) | ဒေါ်ခင်မာသီ<br>လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | ဦးခင်မောင်ကြည်<br>လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၃) | ဒေါ်ငယ်ငယ်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဝန်ကြီးရုံး | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တွဲဖက်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၄) | ဒေါ်အေးမြမြစိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>ဝန်ကြီးရုံး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၅) | ဒေါ်စန်းစန်းနွယ်<br>ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၆) | ဒေါ်ချယ်ရီထွန်း<br>အကြီးတန်းစာရေး<br>(၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀)<br>ဝန်ကြီးရုံး | အကြီးတန်းစာရေး<br>(၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (သောကြာ) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၈၄) နေရာ၊ အမှုထမ်းရာထူး (၆၆၇) နေရာ စုစုပေါင်းရာထူး (၇၅၁) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်းရာထူး (၁၃) နေရာတိုးချဲ့ပြီး အမှုထမ်းရာထူး (၁၃) နေရာလျှော့ချ၍ မူလအင်အားပြောင်းလဲမှုမရှိဘဲ အရာထမ်းရာထူး (၉၇) နေရာ၊ အမှုထမ်းရာထူး (၆၅၄) နေရာ စုစုပေါင်းရာထူး (၇၅၁) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၃ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်း ကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေသောင်းထိုက်ဦး အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး လက်ရှိဌာနတွင် တာဝန်ချထားလိုက်သည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့

### အမိန့်အမှတ် (၁၃/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

### ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်အမှတ် (၁၀/၂၀၂၃) အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဦးထိန်လင်း အား တာဝန်ပေးအပ်ထားရှိပါသဖြင့် **ရခိုင်ပြည်နယ်အစိုးရအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးထိန်လင်း | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးသန်းထွန်း | သယံဇာတရေးရာဝန်ကြီး |

| | | |
|---|---|---|
| (င) | ဦးအောင်မျိုး | လူမှုရေးရာဝန်ကြီး |
| (စ) | ရဲမှူးကြီး သက်လွင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ဆ) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး |
| (ဇ) | ဦးလှသိန်း | ပြည်နယ်ဥပဒေချုပ် |
| (ဈ) | ဦးကျော်သူဇော် | အတွင်းရေးမှူး |

၂။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်အမှတ် (၆၃/၂၀၂၂) အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထိန်လင်း
ပြည်နယ်ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့

**ရုံးအမိန့်အမှတ် (၆၇/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

### ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်အမှတ် (၁၀/၂၀၂၃) အရ ဦးအောင်ဇော်အေး အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သဖြင့် **ရှမ်းပြည်နယ်အစိုးရအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်ဇော်အေး | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) | ဗိုလ်မှူးကြီး စိန်ဝင်း | ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (၃) | ဦးခွန်သိန်းမောင် | ပြည်နယ်စီးပွားရေးရာဝန်ကြီး |
| (၄) | ဦးစိုင်းလိတ် | ပြည်နယ်သယံဇာတရေးရာဝန်ကြီး |
| (၅) | ဦးအောင်မြင့် | ပြည်နယ်လူမှုရေးရာဝန်ကြီး |
| (၆) | ရဲမှူးချုပ် တင်ကိုကို | ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (၇) | ဦးအောင်ကြည်ဝင်း | ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး |
| (၈) | ဦးစိုင်းကျော်ဇံ | ပြည်နယ်ဥပဒေချုပ် |
| (၉) | ဦးစိုင်းသော်ဝင်း<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

အောင်ဇော်အေး
ပြည်နယ်ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်<br>(၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) ၏ သဘောတူညီချက်အရ ကရင်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ကေဇင်မျိုး အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံ ဆောင်ရွက်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) ၏ သဘောတူညီချက်အရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၅) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

၁။ ဒေါ်သန်းသန်းချို

၂။ ဒေါ်သက်ဝါဝါလင်း

၃။ ဒေါ်သက်မာဝင်း

၄။ ဒေါ်ခြူးခက်ဝါ

၅။ ဦးကျော်ဝေ

### အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) ၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၃) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

၁။ ဦးသန်းလွင်

၂။ ဒေါ်သင်းသင်းအေး

၃။ ဒေါ်ဖြူဖြူမာ

ကျော်စိုး

အမြဲတမ်းအတွင်းဝန်

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

အမှတ် ၁၁/၂၀၂၃။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ညွန့်ဝင်း ကြည်း ၇၉၂၈၆

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အမှတ် ၁၄/၂၀၂၃။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၃၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) | စိုးဦး | ကြည်း | ၇၉၂၈၇ | ၁-၁-၂၀၂၃ |
| (၂) | ဇော်လှိုင် | ကြည်း | ၇၉၂၈၈ | ၁-၁-၂၀၂၃ |
| (၃) | တင်ရှိန် | ကြည်း | ၇၉၂၈၉ | ၇-၁-၂၀၂၃ |
| (၄) | ကျော်လွင် | ကြည်း | ၇၉၂၉၀ | ၈-၁-၂၀၂၃ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၁/ရွှေထုံး)၊ ဦးပိုင်အမှတ် (၃၅-စ) ရှိ **မြေဧရိယာ ၀.၆၀၉ ဧက** အား **ဇမ္ဗူ့မင်္ဂလာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် (၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (c) အရ ကြော်ငြာစာ

**Ayuroma Advisory International Pte. Ltd**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

Ayuroma Advisory International Pte. Ltd ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်−

နေ့ရက် - ၇-၃-၂၀၂၃

အချိန် - နံနက် (၉:၃၀) နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် ၄၅/၅၅ (A)၊ လေဆိပ်လမ်းမကြီး၊ စော်ဘွားကြီးကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရှင်းလင်းချက်များနှင့် စာရင်းရှင်းတမ်းများကို တင်ပြပါမည်။ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Ma Cherry Triviedi
Managing Director
Ayuroma Advisory International Pte. Ltd

ဒေါ်နော်ဆည်းဇာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၈)၊ ၄ လွှာ (B)၊ ခေမာလမ်း၊ (၈) ရပ်ကွက်
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## Myanmar Parfun Co., Ltd

Notice Under the Myanmar Insolvency Law

Final General Meeting Invitation

(Members' Voluntary Winding–up)

The final general meeting in the course of voluntary winding–up will be held on 18–4–2023 at 10:00 am at the company office which is located at No.182/12–182/1, Corner of Maung Kyan Thee Street & Bamaw Atwin Wun Street, Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon Myanmar, therefore, all shareholders are cordially invited to attend the final general meeting. At the meeting, the Liquidator's final account and explanations of the account will be submitted.

Daw Zun Mie Naing

LL.B, DBL, DIPL

Liquidator

**Liquidator's office** – Central tower 1, UG2, Unit C, Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar.(Phone–09420157477)

## REMOTEK MYANMAR CO., LTD

Notification for Final Meeting of All Shareholders

Under Section 357 of the Myanmar Companies Law, it is hereby notified to all shareholders/directors to be present at the Final General Meeting of the above mentioned Company situated at the No.5 (Ground Floor), West Pay 50 Street, (16) Ward, Hlaing Township, Yangon, Myanmar.

The Meeting will be convened at 10:00 am 17–4–2023. The Liquidator U Khin Win will submit the final liquidation accounts, liquidation latest conditions, and if agreed, will submit the final liquidation statement to the Company Registration Office (DICA).

Mr. Vincent Shu
Managing Director

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Liquidator's office** – No.175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar. (Phone–095008583; 09977185377)

**Myanmar Brand Networks Company Limited**

(Registration No.114600792–In member's voluntary Liquidation)

(Notice for Final General Meeting Pursuant to the Myanmar Company Act and Myanmar Insolvency law)

Notice is hereby given that, the Final General Meeting of **Myanmar Brand Networks Company Limited** will be held on 18th day of March 2023 at 10:00 am at the registered address of No.122, 2nd Floor, 38th Street, Kyauktada Township Yangon for the purpose of the account of winding–up.

Jang, Juhyouk
Managing Director
Myanmar Brand Networks Co., Ltd

Daw Swe Zin Win
BACT, CPA, PA–1290
Liquidator
No.805, Zanila (4) Street, (16/1) Quarter,
Thingangyan Township, Yangon.

Notice

**PENS FAST (MYANMAR) COMPANY LIMITED**

(In Members' Voluntary Liquidation)

Pursuant of Section 357 (A) of the Myanmar Companies Law (2017)

**Final Meeting**

A Final meeting of the above Company will be held on 18th April 2023 at No. (22) A, Kabar Aye Pagoda Road, Bahan Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Khin Saw Yu
B.Com, Q, CPA
No.49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, The Republic of the Union of Myanmar.